စိတ်ကူးချိုချိုအနုပညာ


mgyee.com

# ဗိုလ်ချုပ်၏ အမှတ်တရပုံရိပ်များ

ဇာတ်ညွှန်း-ဝေသာ
ပန်းချီ-လှပ



mgyoe.com



# ဗိုလ်ချုပ်၏ အမှတ်တရပုံရိပ်များ

ISBN 9789997110930
CAR32
9 789997 110930
2,500.00KS

mgyoe.com

ဝိုလ်ချုပ်၏ အမှတ်တရပုံရိပ်များ။ ဇာတ်ညွှန်း-ဝေသာ၊ ပန်းချီ-လှပ
တမျက်နှာ ၁၃၀ မျက်နှာ၊ ၁၈·၅ စင်တီ× ၂၅·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဗိုလ်ချုပ်၏
# အမှတ်တရပုံရိပ်များ

## ပန်းချီ–လှပ

ဗိုလ်တာရာ၊ ဗိုလ်မင်းခေါင်(ရွှေတူ)၊ ဦးနု၊
ဆရာကြီးဒေါက်တာမြင့်ဆွေ၊ ဦးအောင်သန်းနှင့် ဗိုလ်ခွန်ဖြူတို့၏
မူရင်းလက်ရာများကို ဝေသာ ဇာတ်ညွှန်းရေးသားသည်။

ပထမအကြိမ်၊ ၂၀၁၈

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ

| | | |
|---|---|---|
| ၁။ | တက္ကသိုလ်ကျောင်းသားဘဝ အောင်ဆန်း | ၁ |
| ၂။ | ကိုအောင်ဆန်းကြောင့် ကျွန်တော် သခင်ဘဝရောက်ခဲ့ | ၂၅ |
| ၃။ | ကျွန်တော်သိသော သခင်အောင်ဆန်း | ၃၆ |
| ၄။ | ဗိုလ်ချုပ်နှင့် ကျွန်တော် | ၆၈ |
| ၅။ | ဗိုလ်ချုပ်နှင့် ဒေါ်ခင်ကြည် | ၈၄ |
| ၆။ | လွတ်လပ်မှုအရသာ | ၁၀၇ |

❑

mgyoe.com


mgyoe.com
mgyoe.com

mgyoe.com


# တက္ကသိုလ်ကျောင်းသားဘဝ

# အောင်ဆန်း

မူရင်းစာရေးသူ – ဦးအောင်သန်း




mgyoe.com


ထိုခေတ်က တက္ကသိုလ်ကျောင်းသား အများစုမှာ အလှ ရှိုးထုတ်၍ ကောင်းပေ့ ညွှန့်ပေ့ ဆိုသော အဝတ်အစားများကို အပြိုင် ဝတ်ဆင်ကြ၏ . .
အခြား ကျောင်းသားများ ပိုး..ဖဲ..ကတ္တီပါ.. ဘန်ကောက် ဝေဘာ အဝတ်အစားများ ဝတ်ဆင်ကြသော်လည်း အောင်ဆန်းမှာ ပင်နီတိုက်ပုံ..မန္တလေး လုံချည် တပတ်နွမ်း.. ခြေညှပ်ဖိနပ် . . .




သူတကာ ရှူးဖိနပ်များ အပြိုင် စီးကြ၍ အောင်ဆန်းကို ကျွန်တော် ကိုယ်တိုင် ရိုးကုမ္ပဏီမှ ရှူးဖိနပ် တစ်ရံ လိုက်ဝယ် ပေးခဲ့သည် . .
ဒါ မင်းနဲ့ အတော်ပဲ..
တစ်ခါတရံမှသာ ထိုဖိနပ်ကို ခြေအိတ် မပါဘဲ စီးသည်.. ကျွန်တော်က . .
အောင်ဆန်း.. ရှူးဖိနပ် ဆိုတာ ခြေအိတ် နဲ့ စီးရတယ်ကွ..ဘယ်မှာလဲ ခြေအိတ်..
ဖိနပ်ကို သုတ်ပြီး ခြေအိတ်ကို ချောင်ထဲ လွှင့်ပစ်လိုက်ကာ . . .






တစ်ခါတရံ အောင်ဆန်း၏ အဆောင် အိပ်ခန်းသို့ ရောက်သွားလျှင် အလွန် စိတ်ပျက်ဖွယ်ရာကို တွေ့ရသည် . .






ကိုအောင်ဆန်းသည် စာတော့ အလွန်
ဖတ်၏.. ကျောင်း စာအုပ်သာ မက
နိုင်ငံရေး စာအုပ်လည်း ဖတ်သည်..
တစ်ခါတရံ စာဖတ်နေ
ရင်း.. စိတ်ပါလာပြီး
အော်၍ ဖတ်တတ်၏..
ကိုအောင်ဆန်း
တိုးတိုး ဖတ်ပါ
ဗျ..
အောင်ဆန်းကား မည်သူ့ကိုမျှ ဂရု
စိုက်ပုံလည်း မရ.. သူ့ကို နှုတ်ဆက်
သော်လည်း သူက ပြန်၍ နှုတ်ဆက်
ချင်မှ နှုတ်ဆက်တတ်၏.. ကျွယ်ကြည့်
သူ့ကို" လူရွတ "ဟု ခေါ်နေသော်လည်း
သူက စိတ်လည်း မဆိုး..ဂရုလည်း
မစိုက် . . .

mgyoe.com


တစ်နေ့ အောင်ဆန်းသည် တက္ကသိုလ်၌ ပထမဆုံး သူ၏ နိုင်ငံရေး ခြေစမ်းပွဲကား ရောက်ရှိ
လာခဲ့၏.. ထိုအချိန်က သူ၏ အသက်မှာ (၁၈) နှစ်သာ ရှိသေး၏.. ကျောင်းသား သမဂ္ဂမှ
ကြီးမှူး ကျင်းပသော စကားရည်လုပွဲတွင် . .
ကျွန်တော်က.."ဘုန်းတော်ကြီးများ နိုင်ငံရေး
မလုပ်သင့်"အဆိုကို တင်သွင်းရာ.. ကိုအေးချို
ဆိုသူမှ ကန့်ကွက်ရလေ၏ . . .



တ က သ သိုးမ တစ်ဦးလုံး ပြည်သူ့လျှံရဲ့ အချေ
အတင် ဖြစ်နေချိန်၌ ကျွန်တော်ရဲ့ အဆိုကို..
ညီအစ်ကိုချင်း ခံယူမှု မဟုတ်ဘဲ.. သူ့ရဲ့ နိုင်ငံရေးနှင့်
ဘာသာရေးကို မရောထွေးသင့် ဟူသော အမြင်ကို
ပြတ်ပြတ်သားသား မြင်သူ အဖြစ် ကျွန့်တော့် အဆိုကို
လှုပ်လှယ်၍ ထောက်ခံကြောင်း အဆိုကို အင်္ဂလိပ်လို
ထောက်ခံ ပြောဆိုလေ၏ . .
ကျွန်တော်ပင် တော်တော် ကြောင်
သွားရ၏.. အောင်ဆန်း အတွက် စိုးရိမ်
သွား၏ . . .
၇



ဟာ အောင်ဆန်း ကတော့ အင်္ဂလိပ်လိုလည်း ရေရေလည်လည် မပြောတတ်..လူ ကလည်း ခွကျကျ..အခု ကျောင်းသား တွေက လှောင်ပြောင်နေကြပြီ..ဆူကြ ပါပဲ..
အောင်ဆန်းသည် ကျောင်းသားများက လှောင်ပြောင်သော်လည်း..သူ ပြော ချင်သည့် စကားကို အင်္ဂလိပ်လိုမှ တစ်ဆင့်..ပါဠိ စကားလုံးများ ညှပ်၍ ပြီးဆုံးအောင် ပြောဆိုသွားခဲ့၏ . .
အောင်ဆန်း၏ နိုင်ငံရေး ခြေစမ်းပွဲ အစကား အောင်မြင်သည်ဟု ဆိုရပေ တော့မည်..သူကား မည်သူ့ကိုမျှ ဂရု မစိုက်..မှန်တာကို သူ လုပ်ခဲ့၏ . . .




သို့သော်.. တ က သ အမှုဆောင် ရွေးကောက်ပွဲ၌ လူ့စွတာ အောင်ဆန်း လုံးဝ အရွေးမခံရ . . .




သို့သော် <၁၉၃၅> <၁၉၃၆> ခုနှစ်တွင် တကသ အာဘော်ဖြစ်သော အိုးဝေမဂ္ဂဇင်း အယ်ဒီတာ
အဖြစ် အရွေးခံရသည်.. ထိုအချိန်က အောင်ဆန်း အယ်ဒီတာ လုပ်ချိန်၌ ညိုမြ<ခေါ်>သိန်းတင်ပါ..
"ငရဲခွေးကြီး လွတ်နေသည်" ဆောင်းပါး ပါလာမှုကြောင့် အယ်ဒီတာမင်း အောင်ဆန်း ပြဿနာ တက်ရတော့သည် . . .
အိုးဝေ
mgyoe.com



အာဏာ မဆန်ရစ်နေသော တက္ကသိုလ် အာဏာပိုင်တစ်ဦး၏ အကြောင်းကို ရေးသားထားသော ဆောင်းပါး ဖြစ်လေ၏ . .
တက္ကသိုလ် အာဏာပိုင်များက အောင်ဆန်းကို ခေါ်၍.. ချော့လိုက် ခြောက်လိုက်ဖြင့် ဆောင်းပါးရှင်ကို ဖော်ထုတ်ခိုင်း၏.. သို့သော် အောင်ဆန်းမှာ ကျောင်းအာဏာပိုင်များကို ကျိကဲ့သို့ ပြောဆိုခဲ့သည် . . .
အယ်ဒီတာတို့ မည်သည်.. ဆောင်းပါးရှင်တို့၏ အမည်ကို ထုတ်ဖော် ပြောဆိုရိုး မရှိ.. ခင်ဗျားတို့ လုပ်ချင်သလို လုပ်ကြ.. ထုတ်ဖော် မပြောနိုင်..



ထိုစကားကို ပြောဆိုပြီး ကျောင်းအုပ်ကြီး
ရုံးခန်းမှ ရှုံးသုံးသုံး မျက်နှာပေါက်နှင့်
ထွက်ခွာလာခဲ့ရ၍.. အောင်ဆန်း၏ အသက်
မှာ <၂၁>နှစ်မျှသာ ရှိပါသေး၏ . .
<၁၉၃၆>ခုနှစ်..ဖေဖော်ဝါရီလ <၂၅>ရက်နေ့..
ထိုနေ့ထုတ် သတင်းစာများ၌.. ခေါင်းကြီးပိုင်းတွင်
စာလုံး မည်းမည်းကြီးဖြင့် သတင်း ခေါင်းစီးကို
ဖတ်လိုက်ရ၏.. ထို သတင်း ခေါင်းစီးမှာ . . .
ကိုအောင်ဆန်းကိုလည်း
ကျောင်းထုတ်ဦးမည်လော၊



ထို့သတင်းကြောင့် အောင်ဆန်း အတွက် စိတ်ပူကာ အောင်ဆန်းရှိရာသို့ ကျွန်တော် သွားခဲ့သည် . .
အင်း..အောင်ဆန်း... တက္ကသိုလ်မှာ အာဏာပိုင် တွေရဲ့ အငြိုငြင် ခံနေရပြီ ထင်တယ်..
ကျွန်တော်မှာ ကျောင်းထွက်ပြီးသော်လည်း အောင်ဆန်း အတွက် သိချင်၍.. သူ့ရှိရာ တ က သ ခန်းမဆောင်သို့ ရောက်လာခဲ့သည်..
ဟာ! ကျောင်းသားတွေ ဆူညံပါလား.. အစည်းအဝေး ကျင်းပနေကြ တယ်..





အောင်ဆန်းမှာ ထိုင်ရာမှ ထ၍ စင်မြင့်ပေါ်သို့ တက်ပါ . .







အောင်ဆန်းက မြန်မာလို ပြော၍ နုတ်ဆက်စကား ဆိုလိုက်စဉ် ကျောင်းသား တစ်ယောက်က . .
အင်္ဂလိပ်လို ပြောပါ..ကျွန်တော်တို့ မြန်မာစာ ကောင်းကောင်း နားမလည်ဘူး..
အင်္ဂလိပ်လို လှမ်းပြောလေ၏ . .
အောင်ဆန်းကား အင်္ဂလိပ်လို ပြောတော့၏ . . .



အို..အောင်ဆန်း...
အောင်ဆန်း...<၁၉၃၂>ခုနှစ်
ကျောင်းကို ရောက်စတုန်းက ပြော
ခဲ့တဲ့ အင်္ဂလိပ်စကားနဲ့ အခု
ပြောတဲ့ အင်္ဂလိပ်စကားက
ဆီနဲ့ရေ ပါလားဟော်..
လေးနှစ်အတွင်း အောင်ဆန်း၏
တိုးတက်မှုကား အံ့ဩစရာ
ပါပင် . .
အင်္ဂလိပ်စကားကို ရေရေလည်လည် နိုင်နိုင်
နင်းနင်း ပြောနိုင်သည့် အပြင်..အချက်အလက်
များမှာလည်း ထိလှ မိလှရသည်ကား..ကြား
ရသူ အပေါင်း..ကြက်သီးမွေးညင်း ထစရာပင်..
အောင်ဆန်းမှာ ကျောင်းသားထု၏ ထောက်ခံ
သော နိုင်ငံရေးသမား ဘဝသို့ ရောက်ခဲ့ပါ
တော့သည် . . .



<မှတ်ချက် . . . တက္ကသိုလ် ကျောင်းသားဘဝ လှုပ်ရှားမှုများအား ချန်လှပ်ထားခဲ့ပါသေးသည်..>
အောင်ဆန်းသည် အချိန်ပြည့် နိုင်ငံရေး လုပ်နေသည့် ကြားမှ <၁၉၃၇> ခုနှစ်.. မတ်လတွင် ကျင်းပသော B.A စာမေးပွဲကို . .
အင်္ဂလိပ်စာ.. ခေတ်သစ် ရာဇဝင်.. နိုင်ငံရေး..ပေဒဘာသာ များဖြင့် B.A ဘွဲ့ကို ရရှိခဲ့သည် . .
ထိုဘွဲ့ကို ဘွဲ့နှင်းသဘင်၌ တက်ရောက် မယူခဲ့ပေ . .
<မှတ်ချက်...ဗိုလ်ချုပ်၏ ဘွဲ့ဝတ်စုံဖြင့် ရိုက်ထားသော ဓာတ်ပုံ မရှိခဲ့ပေ..


အောင်ဆန်း၏ စိတ်ဓာတ်မှာ မှုန်ကုန်သော
မှုကို ကျင့်သုံးတတ်၏.. သူ့တွင် ကျိုးပြောင်း
သော စိတ်ဓာတ် ရှိခဲ့ပေ.. သူ့ကို ကျောင်းသား
သမဂ္ဂ ဥက္ကဋ္ဌ မတင်လည်း ဘာမှ မခံစားရ..
သို့သော် 〈၁၉၃၈〉 ခုနှစ်၌.. ဥပဒေ
ဝိဇ္ဇာ ပထမနှစ် စာမေးပွဲ ကျရှုံး
တော့သည် . .
စာမေးပွဲ ကျရှုံးခဲ့သော်လည်း အောင်ဆန်းမှာ
တ က သ ဥက္ကဋ္ဌ အဖြစ် တင်မြှောက်ခြင်း ခံရ
လေတော့၏.. ဗမာ တစ်နိုင်ငံလုံး ကျောင်းသား
ခေါင်းဆောင် ဖြစ်၏ . . .



အောင်ဆန်း တ က သ ပေါင်းဆောင် ဖြစ်သွားသောအခါ၌ အောင်ဆန်းမှာ တ က သ အဆောက်အအုံသို့ ပြောင်း သွားတော့သည် . .
အောင်ဆန်းမှာ ထိုအချိန်၌ ဥပဒေ ဝိဇ္ဇာ ပထမနှစ် တက်နေချိန် ဖြစ်၏.. ကျောင်းသား နိုင်ငံရေးလောက၌ ကျင်လည်နေသော အောင်ဆန်းမှာ တ က သ အဆောက်အအုံ၌ပင် သူ့အိပ်ယာသပွယ် နေတော့၏ . .
အိပ်ရာ မရှိ.. အခင်း မရှိ.. စောင် မရှိ.. ခုံတန်းလျား ပေါ်တွင် ခြင်ကိုက်ခံ.. ဂျပိုး အကိုက်ခံ၍ နေ၏ . . .


သူ့ အဖြစ်အပျက်ကို ကြည့်ပြီး တကသ၏ ဖွားဖက်တော် အစောင့် ဦးကံသိန်းက.. စောင်.. ခြင်ထောင်များ ထုတ်ပေး၏.. အောင်ဆန်းက လက်မခံ.. အောင်ဆန်းကပင် ပြန်ပြောလိုက်သေး၏ ဟု နောင်အခါ ပြန်၍ ကြားရ၏ . .
ကျုပ်က နိုင်ငံရေး လုပ်မယ့်လူ.. တောင်က ထွက်ရမှာ မဟုတ်ဘူး.. ဒါကြောင့် အခုကတည်းက ကျင့် နေတာဗျ..
ထိုနှစ် ဧပြီလ အကုန်လောက်၌ ကျွန်တော် မင်းဘူး၌ အလုပ်သင် မြို့အုပ် လုပ်နေစဉ်.. လွယ်အိတ်တစ်လုံးနှင့် ကိုအောင်ဆန်း ရောက်လာခဲ့သည် . . .


ထိုစဉ်က သူ၏ ခံယူချက်ကို ကျွန်တော် သိထားလိုက်၏ . .
ကျွန်တော်တို့ တိုင်းပြည် လွတ်လပ်ရေး ရဖို့ အတွက် ကျောင်းမှာပဲ နေပြီး ကျောင်းသား နိုင်ငံရေး လုပ်နေလို့ မပြီးသေးဘူး..ကြမ်းတမ်းတဲ့ နိုင်ငံရေးကို ကိုယ်ထိလက်ရောက် ဆောင်ရွက်မှ ဖြစ်မယ်..
တို့ဗမာအစည်းအရုံး
အောင်ဆန်းက သူ၏ ခံယူချက် အတိုင်း ကျောင်းမှ ပညာသင်နှစ် မကုန်မီ ကျောင်းမှ ထွက်၍ သခင်ကိုယ်တော်မှိုင်း၏ တို့ဗမာ အစည်းအရုံးသို့ ဝင်ရောက်ခဲ့ပြီး... ရေကျော်ရပ်ရှိ တို့ဗမာ အစည်းအရုံး၌ပင် နေတော့၏ . .
ဖြစ်သလိုနေ..ဖြစ်သလိုစား.. ဗယာကြော် တစ်ခုနှင့် တစ်နေကုန် ပြီး၏ . . .


တစ်ခုသော အခါက သခင်လှကျော်နှင့် အတူ ထမင်း မစားရတာ ကြာပြီ ဖြစ်၍ မနေနိုင်တော့ဘဲ . .
အစည်းအရုံးနှင့် မနီးမဝေး ရေကျော်ရပ်ရှိ.. အဒေါ်ကြီး တစ်ဦး၏ ထမင်းဆိုင်သို့ ဝင်၍ ထမင်း စားကြသည် . .
စားသာ စားကွာ.. နောက်မှ ကြည့်လုပ်တာပေါ့..
ထမင်း စားပြီးသော အခါ အောင်ဆန်းက . .
ကဲ အဒေါ်ကြီး.. ကျုပ်တို့တော့ ဆပျွားထမင်း ကို စားပြီးပြီ.. ပေးစရာ ပိုက်ဆံ လည်း မရှိဘူး.. ကျုပ်ရဲ့ ဗိုက်ကို သာ.. ရိုက်ပေတော့..


ထမင်းဆိုင် ပိုင်ရှင် အဒေါ်ကြီးက . .
ပြောရက် ပလေ သခင်အောင်ဆန်း ရယ်.. အဒေါ်တို့က မင်းတို့ကို ကြည့်ညိုပြီးသားပါ.. ဘာဖြစ်လို့ ပါးရိုက်ရမှာတုံး..
ထိုအကြောင်းကို သခင်လှကျော်က ပြန်ပြောပြမှပါ.. အောင်ဆန်းသည် အစ်ကိုများ ထံသို့၎င်း.. မိခင်ကြီး ထံသို့၎င်း.. ငွေကြေးကိစ္စ အကူအညီ မတောင်း ခဲ့ပေ.. မိခင် ဖြစ်သူက မနေနိုင်၍.. ရန်ကုန်သို့ ဆင်းလာပြီး ကြည့်မြင်တိုင်၌ တည်းခိုနေ၏ . .
အောင်ဆန်းမှာ သခင်လှပေ < ဗိုလ်လက်ျာ > နှင့် ခဏ လာရောက် တွေ့ဆုံပြီး.. စကားကို တိုတို ပြတ်ပြတ် ပြောရ၍.. ဌာနချုပ်သို့ပင် ပြန်သွား၏.. မိခင်ကြီးမှာ စိတ်မကောင်း ဖြစ်ခဲ့ရသည် . .



ယခါဆိုက ဖခင်ကြီးကို ဖက်၍ အိပ်ခဲ့သော အောင်ဆန်းမှာ.. တိုင်းပြည်အတွက် ဖခင်ကြီးကို သံယောဇဉ် ဖြတ်ခဲ့လေသည် . .
<၁၉၃၉>ခုနှစ်..နှစ်ဦးလောက်တွင် အင်္ဂလိပ်က အောင်ဆန်းကို ဖမ်း၍ ရှိကြည့်ထောင်ထဲ၌ အကျဉ်းချထား လေတော့သည် . .
ရုံးတင် တရားစွဲနိုင်လောက်အောင် သက်သေခံ အထောက်အထား မရှိ.. ထိုအချိန်က ပုဒ်မ<၅>မပေါ် သေး၍.. အင်္ဂလိပ်တို့က ပြန်လွှတ် ပေးလိုက်ရတော့သည် . . .


mgyoe.com


# ကိုအောင်ဆန်းကြောင့် ကျွန်တော် သခင်ဘဝ ရောက်ခဲ့

မူရင်းစာရေးသူ – ဦးနု





ဒီအချိန်မှာ ကျွန်တော်ဟာ မမြရီနဲ့ အိမ်ထောင်ကျပြီး စေတော့ဂိတ် <ပုဇွန်တောင်>က အခန်းလေးမှာ ငှားနေကြတယ်..
တစ်နေ့ ကိုအောင်ဆန်းဟာ ညနေ လေးနာရီလောက်မှာ ကျွန်တော့် အိမ်ခန်းလေးကို ပြုံးစားကြီး ရောက်ရှိလို့ လာတယ် . . .


ကိုနု..
ကျွန်တော်တို့..တို့
ဗမာ အစည်းအရုံးထဲ ဝင်
ရအောင်..
ဟာ
ငါ မဝင်ချင်
ဘူး..
ဘာဖြစ်
လို့လဲ..
ငါ
နိုင်ငံရေး မလုပ်
ချင်ဘူး..
ကိုအောင်ဆန်းဟာ စိတ်ပျက်သွားတဲ့ အမူအရာပါပဲ ..
ငါ
နိုင်ငံရေး မလုပ်
ချင်ဘူး..





mgyoe.com
mgyoe.com





ကိုအောင်ဆန်းဟာ ထုံးစံအတိုင်း သူ လိုချင်တာကို ရအောင် လုပ်ခဲ့ကျ ပုံစံမျိုးနဲ့ . .
ပေဘီယာ အသင်းထဲမှာ ခင်ဗျား ဒုတိယ ဥက္ကဋ္ဌတောင် ဝင်လုပ် သေးတာပဲ.. နိုင်ငံရေးမှာ ဝါသနာ မပါဘူး ဆိုတာ ဘယ် ဟုတ်မလဲဗျ..
ငါ အဲဒါကို ခဏ ပြန်နေတုန်း ငါ့အမည်ကို ဦးဘချိုက သတင်းစာထဲမှာ ထည့် လိုက်တာ.. ရွေးကောက်ပွဲ ပြီးတဲ့အထိ ခဏ နေပါဦး ဆိုလို့ နေခဲ့တာ.. ရွေး ကောက်ပွဲ ပြီးတာနဲ့ ငါထွက်လိုက် တာပဲ..
ဝါသနာ ဆိုတာ ဒီလိုပဲဗျ.. နိုင်ငံ ရေး လုပ်ရင်း သူ့ဟာနဲ့သူ ဖြစ်မှာပဲ..


ဖိုးအောင်ဆနိုးကို ငါကြည့်နေတာ..တခြားလူတွေဆိုရင် လူကဲခတ် သိပ်ကောင်းတယ်.. ဖိုးအောင်ဆနိုး လူကဲခတ်လိုက်ရင် မှန်နေတာချည်းပဲ.. ဒါပေမဲ့ ငါက ဘာလဲ..
ကိုအောင်ဆနိုးဟာ စိတ်ယုရှည်သလို ကြည့်ပြီး . . .
ခင်ဗျားက ဘာလဲ..
ငါက နိုင်ငံရေးသမား မဟုတ်ဘူး..တစ်ပွဲတိုးသမား..


ဘာလဲဗျ.. တခြမ်းပဲ့ကိုးသမား ဆိုတာ..
ငါပြောပြမယ်.. ဖိုးအောင်ဆန်း..ကောင်းကောင်း မှတ်ထား..နိုင်ငံရေးသမား ဆိုတာ ထိုင်ရင်လည်း နိုင်ငံရေးစိတ်နဲ့ ထိုင် တယ်.. ထရင်လည်း နိုင်ငံရေးစိတ် နဲ့ ထတာပဲ.. နိုင်ငံရေးစိတ်ဟာ ဘယ်တော့မှ မပျောက်ဘူး..
ကိုအောင်ဆန်းဟာ သိပ်စိတ်ရှည်သူ မဟုတ်ဘူး ..
ဆိုလိုချင် တာက..
ဒီမှာ ငါဟာ နိုင်ငံရေးသမား မဟုတ်တဲ့ အတွက်.. စိတ်ထိခိုက်စရာ တခု တွေ့ လိုက်ရင် ထလုပ်လိုက်တာပါပဲ.. ကိစ္စပြီး သွားရင်.. ချောင်ထဲကို ပြန်သွားပြီး ငေး နေမယ်.. ဘယ်သူနဲ့မှ မတွေ့ချင်ဘူး.. ရေးနေမယ်.. တွေးနေမယ်.. ဘာကိုမှ မလုပ်ချင်ဘူးကွ..
၃၁


ဒီမှာ ကိုနု.. ခင်ဗျား ဘာတွေ လျှောက် ပြောနေတာလဲ.. ဒီ အချိန်မှာ ငေးနေဖို့..ရေးနေဖို့..တွေး နေဖို့ အချိန်များလား..ပြော စမ်းပါဦးဗျာ..
တစ်မိနစ်လောက် ကြာတဲ့ အချိန်ထိ ခေါင်းဆောက်စိုက်ပြီး တွေးနေတဲ့ ဦးနုဟာ လေသံ လျှော့လိုက်ပြီး ..
ဖိုးခေါင်ဆန်းရေ.. ဒီလို လုပ်ပါကွာ..မင်းတို့ နိုင်ငံရေး ဝါသနာပါတဲ့သူတွေက တို့ဗမာ အစည်းအရုံးထဲကို ဝင်.. မင်းတို့မှာ တိုက်ပွဲ ဝင်စရာရှိရင် ငါ့ကို ခေါ်လိုက်..ငါ ဝင် တိုက်ပေးမယ်..
မသောဘူး ဆိုရင် ငါ့ရဲ့ ချောင်ထဲ ကို ပြန်ပို့ပေးလိုက်..နိုင်ငံရေး သမားတော့ ရာသက်ပန် မလုပ် ချင်ဘူးကွာ..


ကဲ.. လွတ်လပ်ရေး ရပြီး ရင် ဆိုဗျား လုပ်ချင်တာ လုပ်.. မရသေးခင်တော့ နိုင်ငံရေး လုပ်ရမှာ ပဲ..
လာပါဗျာ.. တို့ ဗမာအစည်းအရုံး ထဲ.. အသုပ် သွားဝင်လိုက် ကြရအောင်..
ဦးနုလည်း စိတ်ပေါက်ပေါက်ဖြင့် ..
ကဲ ဒီလောက် ဝင်ချင်လှ ရင်လည်း ဝင်ကွာ..
နှစ်ဦးသား ဘတ်(စ်)ကားပေါ် တက်လိုက်ကြပါတော့တယ် . . .


အဲဒီ အချိန်က တို့ဗမာ အစည်းအရုံး ဟာ အထက် ပန်းဆိုးတန်း လမ်းက တိုက်ခန်းလေး တစ်ခုမှာ ဖွင့်ထားတယ်.. ဘူတာကြီး အနားမှာ . .
ကိုနုနဲ့ သခင်ခေါင်းဆောင်တို့ဟာ တိုက်ခန်းထဲ ဝင်သွားတော့ မီးရောင် မတွေ့ရဘူး... မီတာခ မပေးနိုင်လို့ မီးဖြတ်ထားပုံ ရတယ် . .
အခန်းထဲမှာက စားပွဲပေါ်မှာတော့ လက်ဆွဲမှန်အိမ် လေး ထွန်းထားပြီး.. ဥက္ကဋ္ဌ သခင် ထိပ်တင်ကိုယ်တော်ကြီး ကို သခင် သုံးလေးဦးနဲ့ တွေ့လိုက်ရတယ် . . .
ဘာကိစ္စ လဲ..


ကျွန်တော်နဲ့ ကိုနုတို့.. တို့ဗမာ အစည်းအရုံးထဲ ဝင်ချင်လို့ပါ..
ဥက္ကဌ သခင်ထိပ်တင်ကိုယ်တော်ကြီးက အသင်းသားလက်မှတ် နှစ်စောင် ထုတ်ပေးလိုက်တယ်..
ဝင်ကြေးက တစ်ယောက်ကို တစ်မတ်..
ကိုအောင်ဆန်းက ကိုနု အတွက်ပါ အသင်းဝင်ကြေး ငါးမူးကို ထုတ်ပေးလိုက်တယ်.. ဒီအချိန်က စပြီး ကိုနုနဲ့ ကိုအောင်ဆန်းတို့ဟာ ငယ်နာမည် ပျောက်ပြီး.. သခင်နုနဲ့ သခင်အောင်ဆန်းတို့ ဘဝကို ရောက်သွားကြပါတယ်...

ပြီး

mgyoe.com

# ကျွန်တော်သိသော
# သခင်အောင်ဆန်း

မူရင်းစာရေးသူ – ဗိုလ်ခွန်ဖြူ




ရှိကုန်ပြီမြို့၌ ရပ်ကွက် အချို့တွင် ကျောက် ရောဂါ ဖြစ်ပွားနေသဖြင့် ကျန်းမာရေးဌာနမှ ကျောက်ကြီးရောဂါ ကာကွယ်ဆေးကို ကျောင်း အသီးသီး၌ ကျောင်းသူကျောင်းသားများအား အလျင်အမြန် ထိုးပေးနေရသော အခါလည်း ဖြစ်သည် . . .
ကျွန်တော်သည် ထိုအချိန်၌ ရှိကုန်ပြီမြို့ ဆရာဖြစ်သင် ကောလိပ် <ပြည်လမ်း> တွင် ဆရာလောင်း အဖြစ် သင်ကြားနေဆဲ ဖြစ်သည်။ အလျောက်.. ဆရာ.. ဆရာမများ အားလုံး ကျောက်ဆေးထိုးပြီးကြ လင့်ကစား . .
ကျွန်တော် တစ်ယောက်မှာမူ ကံမကောင်း အကြောင်း မလှသဖြင့် ကျောက်ဆေး ထိုးပြီး သည့်ကြားမှ <Chicken pox> ခေါ် ရေကျောက်ရောဂါ ရုတ်တရက် ကပ်ရောက် လာပါတော့၏ . . .